ဓမ္မလမ်းစာစဉ်

# ဂံကုသိုလ်

နှင့်

# ဉာဏ်ကုသိုလ်



ဇေတဝန်ကျောင်းတော်ရာ သာဝတ္ထိမြို့

ဒေါက်တာစိုးလွင်(မန္တလေး)

Generated by CamScanner from intsig.com

ဓမ္မဒါန

ဝိသုဒ္ဓိမဂ်
ဓမ္မလမ်းဝိပဿနာသင်တန်းအတွက်
ထုတ်ဝေသည်၊
(ဓမ္မလမ်းဝိပဿနာအဖွဲ့-မန္တလေး)



# ကံကုသိုလ်
နှင့်
# ဉာဏ်ကုသိုလ်

ဒေါက်တာစိုးလွင်(မန္တလေး)

လပ်ကီးဝမ်း(မန္တလေး)
၀၉-၂၀၂၂၀၀၄

Generated by CamScanner from intsig.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား

ဤဓမ္မစာစုဖြင့် ရိုသေစွာ ကန်တော့ပါ၏။

# ကံ ကုသိုလ်နှင့် ဉာဏ်ကုသိုလ်

ဒေါက်တာ စိုးလွင် (မန္တလေး)

'ဝိသုဒ္ဓိမဂ်'

ဓမ္မလမ်းဝိပဿနာ သင်တန်းအတွက်

ထုတ်ဝေသည်။

(ဓမ္မလမ်းဝိပဿနာ အဖွဲ့ – မန္တလေး)

Generated by CamScanner from intsig.com

# ကံ ကုသိုလ်နှင့် ဉာဏ်ကုသိုလ်

ဒီနေ့ ဗုဒ္ဓဂယာကအပြန် ဓမ္မလက်ဆောင်လေးပြောရမှာပေါ့။ ဗုဒ္ဓဂယာသွားတဲ့ခရီးစဉ်ကို အရင်ကတော့ ဘုရားရှင်ရဲ့ဓမ္မတွေကိုသိရလို့ ဘုရားကိုကျေးဇူးတင်လို့ ဓမ္မနဲ့သွားပူဇော်မယ်။ ဒီလိုဘဲ စိတ်ထဲမှာ ရည်မှန်းခဲ့တယ်။ ဒါပေမဲ့ တကယ်တန်းရောက်သွားတော့ မြတ်စွာဘုရားရဲ့ဘဝကိုသွားတွေ့ရတယ်။ ဗုဒ္ဓဂယာရောက်တော့ ဘုရားရှင်ရဲ့ဘဝပုံရိပ်တွေကို ပိုသိမြင်လာရတယ်။

Generated by CamScanner from intsig.com

မြတ်စွာဘုရား ဘယ်လိုတွေ အနစ်နာခံခဲ့တယ်၊ တနေရာနဲ့တစ်နေရာ ဘယ်လိုတွေကြွချီခဲ့တယ်၊ ဘယ်လိုတွေနေခဲ့တယ်၊ သီတင်းသုံးခဲ့တယ်ဆို တာတွေ အထောက်အထားတွေကြည့်ပြီး စိတ်မှာ တော်တော်ပြောင်းလဲသွားတယ်။ မြတ်စွာဘုရား လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်တယ်။ တရားတွေကျင့်ပြီး အကုန်စွန့်ခဲ့တယ်။ ဒါပေမဲ့ မြတ်စွာဘုရားက နောက်ဆုံး ဘာပြသွားလဲဆိုရင် ဒီခန္ဓာကိုယ် ဒီရုပ်နာမ်ကြီးဟာ ဘာမှမဟုတ်ဘူး။ အနှစ်သာရဘာမှ မရှိဘူးဆိုတာ ပြသွားခဲ့တယ်။

အိန္ဒိယနိုင်ငံ ဂယာမြို့မှာရှိတဲ့ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားအဖြစ်ကိုရောက်တော်မူပြီး မိဂဒါဝုန်ကို တရားဦးသွားဟောတာ မိုင်(၁၅၀) လောက်ကို ခြေလျင်ကြွသွားတယ်။ နယ်မြေက လည်းကြမ်းပြီး ဆင်းရဲတဲ့ ဒေသတွေပါ။ ဘုရားရှင်က



သတ္တဝါတွေကို သစ္စာလေးပါးသိစေချင်လို့ မဇ္ဈိမ ဒေသတစ်ခုလုံးကို အဆင်းရဲ အပင်ပန်းခံပြီး (၄၅) ဝါပတ်လုံး တရားလှည့်ဟောခဲ့တာပါ။ မြတ်စွာ ဘုရား နောက်ဆုံး ကုသိနာရုံမှာ ပရိနိဗ္ဗာန် ပြုဖို့ရာ ကြွချီတဲ့အခါမှာလည်း ဝမ်းတော်လားပြီး ခန္ဓာ ကိုယ် ပင်ပန်းနွမ်းနယ်နေတာတောင် ရောက်အောင် သွားပြီး ပရိနိဗ္ဗာန်ပြုမဲ့နေရာရောက်တော့လည်း ဘာသလွန် ဘာညောင်စောင်းမှ ရှိတာမဟုတ်ဘူး။ အင်းကြင်းပင် နှစ်ပင်ကြားမှာ ပါလာတဲ့နှစ်ထပ် သင်္ကန်းခေါက်ပြီး အဲဒီအခင်းပေါ်မှာဘဲ ပရိနိဗ္ဗာန် ပြုသွားတာလို့ သိရတော့ မြတ်စွာဘုရား ဘဝ တစ်လျှောက်လုံးမှာ သူဌေးတွေ မင်းတွေ အားလုံး နဲ့လည်းသိတယ်။ အားလုံးကလည်း ကြည်ညို လေးစားကြတာဘဲ။ ဒါပေမဲ့ ဘာအခွင့်အရေးမှ မယူဘူး။ ဘာဂုဏ်ပကာသနမှ အပိုမလုပ်ခဲ့ဘူး။

နောင်လာနောင်သားတွေကိုပြသွားတာ။ မြတ်စွာဘုရားက ဒီရုပ်နာမ် ခန္ဓာကိုယ်ကြီးကို ဘာမှအပို တန်ဆာဆင်မသွားဘူး။ ဒါတွေမြင်ရတော့ အော်-ငါတို့မှာ တယ်ပြီးကြီးကျယ်နေကြတာပါလား ဆိုတာ ပိုမြင်လာတယ်။

နောက်ဆုံးမှာ ရုပ်နာမ်ချုပ်ငြိမ်းတဲ့နိဗ္ဗာန်သာ အမြတ်ဆုံးဘဲ။ အဲဒီဆင်းရဲတဲ့ အချည်းနှီးဖြစ်တဲ့ ရုပ်နာမ်ကြီးကို တန်ဆာဆင်မနေတော့ဘူး။ မြတ်စွာဘုရားရဲ့ဘဝဟာ အဆင်းရဲ အပင်ပန်းခံပြီးတော့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေကို သစ္စာလေးပါး သိဖို့ ဘဝနဲ့ရင်းပြီးပြသွားတာပါ။ ကျေးဇူးတင်လေးစားဖို့ အင်မတန်ကောင်းပါတယ်။

အဲဒီမှာ မဟာဗောဓိဓမ္မရိပ်သာ ဆရာတော်နဲ့ တွေ့ရတယ်။ ဆရာတော်က ပညာလည်းတက်၊ သဒ္ဒါတရားလည်း သိပ်ကောင်း၊ ဆရာတော်က



ဘုရားရှင်ရဲ့ဘဝကို ပြောပြတယ်။ ကျွန်တော်တို့ အဖွဲ့အတွက် အလွန်ကျေးဇူးများလှပါတယ်။ ဆရာတော်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

သာဝတ္ထိမှာ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်ကို လှူဒါန်းချင်တော့ ဇေတမင်းသားဆီက ရွှေဒင်္ဂါးပြားတွေကို မြေအကျယ် အဝန်းအတိုင်း အနံ့ခင်းပြီးဝယ်ရတာ။ အဲဒီ ဇေတဝန်ကျောင်းတော်ကြီးမှာ မြတ်စွာဘုရား (၂၅)ဝါလောက် သီတင်းသုံးခဲ့တယ်။ အနာထပိဏ်သူဌေးကြီးလှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ရာမှာဘဲ ကျွန်တော်တို့အဖွဲ့ နံနက်ပိုင်းမှာ နှင်းဆီပန်းတွေနဲ့ တစ်ကျောင်းလုံးဖြန့်ခင်းပြီး ပူဇော်ဆက်ကပ် လှူဒါန်းကြပါတယ်။ ညနေပိုင်းမှာတော့ တရားထိုင်ကြတယ်။ ဆီမီးတွေ ပူဇော်ကြတယ်။ ဖယောင်းတိုင်တွေ မီးထွန်းပြီး လျှောက်လမ်းဘေး

တစ်ဘက် တစ်ချက်မှာ စီတန်းပြီး မီးပူဇော်ကြတာပါ။

ဒါတွေက ကုသိုလ်စေတနာတွေပါဘဲ။ဘုရားကို ဆီမီးပူဇော်တာ ကုသိုလ်ရတယ်ဆိုတာသိကြပါတယ်။ ကိုယ်တိုင် ကာယကံမြောက် ပြုလုပ်နေတာပါ။ ဒါက ကံကုသိုလ်တွေဘဲ။ ဖယောင်းတိုင်စိုက်တဲ့အခါ လက်က အားစိုက်တွန်းနေတာတွေ၊ မီးထွန်းပေးနေတာတွေဟာ စေတနာတွေဘဲဆိုတာ စိတ်မှာထင်ပေါ်နေတယ်။ အော်ဒါတွေက ကံကုသိုလ်တွေဘဲ။ ဒါကိုတော့ လူတိုင်းလည်း သိနိုင် ပါတယ်။ လုပ်လည်း လုပ်နေကြတယ်။ ဒါပေမဲ့ ဉာဏ်ကုသိုလ်ကိုမသိနိုင်ကြဘူး။ မလုပ်တတ်ကြဘူးလို့ စိတ်ထဲမှာ ပေါ်သွားတယ်။

လက်နဲ့ဖရောင်းတိုင်ကို စိုက်လိုက်တိုင်း တွန်းလိုက်တိုင်းဟာ စေတနာတွေချည်းဘဲလို့ ကျွန်တော့်စိတ်က သတိပြုမိပြီး ထိလိုက်တွန်းလိုက်



တိုင်း အကုန်လိုက်သိနေတယ်။ ကျွန်တော်တို့ ဒီလို ဆီမီးမပူဇော်ခင်မှာ ဆရာတော်က အားလုံးကို တရားထိုင်ဖို့ ပြောတော့ ဘုရားရှင်သီတင်းသုံးခဲ့တဲ့ ဇေတဝန်ကျောင်းတော်နေရာမှာ တရားထိုင်ပြီးမှ ဆီမီးပူဇော်ကြတာပါ။ ဒီတော့ သတိ၊ ဝီရိယ၊ သမာဓိတွေလည်း ကောင်းနေတော့ လက်နဲ့ ဖရောင်းတိုင် စိုက်တိုင်းစိုက်တိုင်းဟာ စေတနာတွေက တိုက်တွန်းနေပါလားလို့ စိတ်မှာ သတိကပ်နေတော့ ဖရောင်တိုင်ထွန်းတဲ့ စေတနာတိုင်းဟာ ကုသိုလ်တွေ အများကြီးဖြစ်နေတာဘဲလို့ စိတ်ထဲမှာမြင်သွားတယ်။

ဒီလိုမြင်သွားတော့ ရှေ့မှာဖြစ်တဲ့စေတနာက ကံကုသိုလ်၊ နောက်စိတ်မှာ သတိပြုမိတာက ဉာဏ်ကုသိုလ် ဖြစ်သွားတယ်။ ကံကုသိုလ်နဲ့ ဉာဏ်ကုသိုလ်က သတိရှိလိုက်တာနဲ့ တခါတည်း ရနေ

Generated by CamScanner from intsig.com

တာပါလားလို့ စိတ်မှာပေါ်သွားတယ်။ ဒီတော့ အဲဒီအကြောင်းကို မီးထွန်းနေတဲ့ကိုယ့်အဖွဲ့တွေကို ချက်ချင်းလိုက်ပြောပြတယ်။ လက်တွေ့လည်းပြတယ်။ ဖယောင်းတိုင်ကို လက်နဲ့တွန်းပြီး စိုက်လိုက်တာ မီးညှိထွန်းလိုက်တာတွေက ကံကုသိုလ်ဆိုတာပြောပြတယ်။ ဖယောင်းတိုင်စိုက်ပြီး မီးထွန်းညှိပူဇော်တာကို ကံကုသိုလ်လို့ သိနိုင်ကြပေမဲ့ ရှေ့စိတ်မှာ စေတနာလေးပေါ်သွားပါလားလို့ နောက်စိတ်က သတိကိုတော့ လူတိုင်းမလုပ်တတ်ကြဘူး။ ဒါကြောင့် ကံကုသိုလ်တော့ဖြစ်ပြီး ဉာဏ်ကုသိုလ်တော့ မဖြစ်နိုင်ကြဘူး။

ဘုရားရှင် သီတင်းသုံးခဲ့တဲ့ စေတဝန်ကျောင်းတော်မှာ ရှေ့စိတ်က စေတနာနဲ့ ဖရောင်းတိုင် မီးထွန်းပူဇော်တာက ကံကုသိုလ်၊ နောက်စိတ်က သတိပြုမိတာက ဉာဏ်ကုသိုလ်။ ကံကုသိုလ်က



သံသရာမှာ ဘဝတွေကောင်းမယ်။ ဉာဏ်ကုသိုလ် က နိဗ္ဗာန်ပို့မယ်။ အဲဒီ ဖရောင်းတိုင် မီးထွန်းပူဇော်တာက 'စရဏ'ကုသိုလ်၊ စေတနာကြောင့်ဖြစ်တာ။ စေတနာမပါဘဲနဲ့ ဘာအားထုတ်မှုမှ မဖြစ်ဘူး။ အဲဒါကို 'စရဏ'ကုသိုလ်လို့ ခေါ်တယ်။ အဲဒီ နောက်က သတိလိုက်ရင် ဉာဏ်ကုသိုလ်ဖြစ်တယ်။ ဉာဏ်ကုသိုလ်က ဝိဇ္ဇာမျိုးစေ့ဖြစ်ပြန်တယ်။ ဝိဇ္ဇာမျိုးစေ့ပါအောင် အကုန်လိုက်ပြောလိုက်တယ်။ နေရာကလည်း ဘုရားရှင် သီတင်းသုံးခဲ့တဲ့ စေတဝန်ကျောင်းတော် တကယ့်နေရာမှာ ကုသိုလ်ပြုနေကြတာပါ။

ကံကုသိုလ်နဲ့ ဉာဏ်ကုသိုလ်လို့ စကားလုံးလေးကလည်း စိတ်ထဲမှာတန်းပေါ်သွားတယ်။ ဘုရားကို ဖယောင်းတိုင်မီးထွန်းပြီး ပူဇော်တဲ့ စေတနာက ညောင့်စေ့နဲ့တူတယ်။ လက်နဲ့ဖရောင်းတိုင်စိုက်ပြီး မီးထွန်းပြီးတိုင်း စေတနာကချုပ်တယ်။

Generated by CamScanner from intsig.com

နောက်တစ်ခါ မီးထပ်ထွန်းရင် နောက်စေတနာ ထပ်ဖြစ်တယ်။ ဖရောင်းတိုင်မီးထွန်းတိုင်း စေတနာရဲ့ ဖြစ်ပေါ်ချုပ်ပျောက်နေတဲ့ အနိစ္စသဘောကို နောက်စိတ်က သတိသမ္ပဇဉ်နဲ့ဆင်ခြင်တဲ့ ဉာဏ်ကုသိုလ်ကတော့ ညောင်ပင်ကြီးလောက် ဖြစ်သွားတယ်။ ရှေ့စိတ်က ကံကုသိုလ်က ညောင်စေ့၊ နောက်စိတ်က ဉာဏ်ကုသိုလ်ကတော့ ညောင်ပင်ကြီးလောက်ဆိုတဲ့ နိဗ္ဗာန်အထိရောက်အောင် အထောက်အပံ့ပြုမဲ့ ကုသိုလ်တွေဖြစ်သွားတယ်။ ကံကုသိုလ်ကို အမှီပြုပြီး ဉာဏ်ကုသိုလ်ဖြစ်သွားတယ်။ **(ကံပေါ်ကို ဉာဏ်ဆင့်သွားတယ်။)**

ဒီလိုနဲ့ ဗုဒ္ဓဂယာဘုရားပွင့်တဲ့ နေရာသွားကြတော့ ဘုရားဖူးသွားတာ ကုသိုလ်ရတယ်ဆိုတာတော့ လူတိုင်းသိပါတယ်။ ဒါပေမဲ့ ခြေတစ်လှမ်းလှမ်းတိုင်းလှမ်းတိုင်းဟာ စေတနာက တိုက်တွန်းလို့



ဖြစ်နေပါလားလို့တော့ နောက်စိတ်နဲ့သတိတော့ မပြုမိကြဘူး။ ဘုရားဆီကိုသွားတဲ့ ခြေလှမ်းတိုင်းဟာ စေတနာက တိုက်တွန်းလို့ ခြေထောက်က တစ်လှမ်းပြီး တစ်လှမ်းသွားနေတာ။ စေတနာက မတိုက်တွန်းရင် ရှေ့မှာကို မဟုတ်ဘူး။ အဲဒီ စေတနာတွေကို နောက်စိတ်က သတိပြုမိလိုက်တော့မှ ခြေလှမ်းတိုင်းဟာ ကုသိုလ်တွေချည်းပါလား။ ဘုရားဆီရောက်အောင်သွားနေတဲ့ ခြေလှမ်းတိုင်းဟာ ကုသိုလ်တွေချည်းဘဲတဲ့။ အနာထပိဏ် သူဌေးကြီး မြတ်စွာဘုရားဆီသွားတဲ့ ခြေလှမ်းတိုင်းဟာ ကုဋေတစ်သိန်းမက ထိုက်တယ်လို့ တင်စားပြီးပြောကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ခြေလှမ်းတိုင်းဟာ စေတနာက တိုက်တွန်းနေတဲ့ ကုသိုလ်တွေလို့ မြင်ဖို့ကတော့ မလွယ်လှဘူး။

ခြေတစ်လှမ်း ခြေတစ်လှမ်းတိုင်းဟာ

Generated by CamScanner from intsig.com

စေတနာတိုက်တွန်းလို့ လှမ်းနေတဲ့ကုသိုလ်တွေချည်းပါလားလို့ သတိပြုမိတာက ဉာဏ်ကုသိုလ်။ ခြေလှမ်းတွေ လှမ်းအောင် တိုက်တွန်းနေတဲ့စေတနာကတော့ ကံကုသိုလ်ပေါ့။ ခြေလှမ်းတိုင်းဟာ ကုသိုလ်တွေရနေပါလားလို့တော့ မြင်နိုင်ခဲတယ်။ နောက်စိတ်က သတိပြုမိလိုက်တဲ့ ဉာဏ်ကုသိုလ်က နိဗ္ဗာန်အထိရောက်အောင်ပို့မှာ။ ခြေတစ်လှမ်း ကုဋေတစ်သန်းမကတော့ဘူး။ ကျွန်တော်တို့က ကုဋေတစ်သန်းဘဲ သိတယ်။ နိဗ္ဗာန်ကိုမသိဘူး။ ရုပ်နာမ်ချုပ်ငြိမ်းရာ နိဗ္ဗာန်က ဘာနဲ့မှတန်ဖိုးဖြတ်လို့ မရပါဘူး။

အခုတရားအားထုတ်ဖို့ ဓမ္မာရုံလာတဲ့ ခြေလှမ်းတိုင်းဟာ ကုသိုလ်တွေချည်းဘဲ။ တရားအားထုတ်ဖို့ ဓမ္မာရုံလာကြတာ ကုသိုလ်ရတယ်လို့တော့သိပါတယ်။ ဒါပေမဲ့ ခြေလှမ်းတိုင်းဟာ



ကုသိုလ်တွေချည်းဘဲလို့ သတိပြုမိနိုင်ဖို့က ခဲရင်းတယ်။ ဒါက ဗုဒ္ဓဂယာအပြန် လက်ဆောင်ပါဘဲ။

ဗုဒ္ဓဂယာကိုရောက်ခဲ့ရတဲ့အတွက် ဘုရားရှင် ဗောဓိဉာဏ်ရခဲ့တဲ့နေရာ ဗောဓိပင်ကို ဖူးရတာက ဗောဓိဉာဏ်ဓာတ်ကို ဖူးခွင့်ရတာနဲ့တူတဲ့အတွက် ဘုရားရှင်ကို ဖူးရတာနဲ့အတူတူပါဘဲ။ ဒီကမ္ဘာမှာ ဒီနေရာမှာဘဲ သစ္စာတရားတွေကိုဟောကြားသွားတဲ့ ဘုရားလေးဆူလည်း ပွင့်ခဲ့ပြီးပြီ။ အလွန် **'ထူးမြတ်တဲ့ မဟာဗောဓိ'**ဒေသပါ။ နောက်ပြီး ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့တဲ့နေရာကိုဖူးခွင့်ရတာကလည်း ဘုရားရှင်ရဲ့ **'ပရိနိဗ္ဗာနဓာတ်'**ကို ဖူးခွင့်ရလို့ ဘုရားရှင်ကိုဖူးရတာနဲ့ အတူတူပါဘဲ။ ဒါတွေက အလွန် ထူးခြားတာတွေပါ။

ကမ္ဘာမှာ ဘုရားအဆူဆူပွင့်ခဲ့ကြတာငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ

Generated by CamScanner from intsig.com

ရှိသွားပြီ။ သမ္ဗုဒ္ဓဂါထာတော်ကြီးမှာ ပါပါတယ်။ မြတ်စွာဘုရားရှင် အဆူဆူပွင့်ပြီး ဟောကြားခဲ့တဲ့ တရားတွေကို အကျဉ်းချုံ့လိုက်ရင် **(မကောင်းမှုရှောင်ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထား)** ဆိုတဲ့ အဓိက ဒီသုံးခုကိုဘဲ ဟောကြားသွားတာပါ။ ဒါကို ဝိပဿနာအတွက် လုပ်ငန်းစဉ်လို့တော့ အရင်ကမသိခဲ့ဘူး။

ဝိပဿနာအလုပ်က အကုသိုလ်ကို ကုသိုလ်နဲ့ပယ်တဲ့လုပ်ငန်းကြီးပါဘဲ။ ဒါနကုသိုလ်နဲ့လည်း အကုသိုလ်ကိုပယ်တယ်။ သီလကုသိုလ်နဲ့လည်း အကုသိုလ်ကိုပယ်တယ်။ သမထကုသိုလ်နဲ့လည်း အကုသိုလ်ကိုပယ်တယ်။ ဝိပဿနာကုသိုလ်နဲ့လည်း အကုသိုလ်ကိုပယ်တယ်။ နောက်ဆုံး မဂ်ကုသိုလ်နဲ့ အကုသိုလ်မှန်သမျှ အကုန်ပယ်ပြီး ရဟန္တာဖြစ်တာပါ။ ရဟန္တာမှာ အကုသိုလ်မှန်သမျှ



အကုန်ပယ်ပြီးလို့ ပြုဘွယ်ကိစ္စလည်းကုန်ပါပြီ။ ပြုဘွယ်ကိစ္စကုန်တဲ့အတွက် နောက်ဘဝ နောက်ခန္ဓာလည်း မရတော့ပါဘူး။ ခန္ဓာချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီး ထာဝစဉ် ငြိမ်းအေးတဲ့ နိဗ္ဗာန်ရောက်သွားတာပါ။

မကောင်းမှုရှောင် ကောင်းမှုဆောင်ဆိုတာ ငါက မကောင်းမှုကိုမလုပ်ဘူး။ ကောင်းမှုတွေကို ငါကလုပ်မယ်ဆိုတဲ့ အတ္တသဘောနဲ့ နားလည်နေကြတာ။ အမှန်မှာ စိတ်က တစ်ကြိမ်မှာ နှစ်စိတ် ပြိုင်မဖြစ်ဘူး။ မကောင်းတဲ့စိတ်ဖြစ်နေရင်လည်း ကောင်းတဲ့စိတ်မဖြစ်ဘူး။ ကောင်းတဲ့စိတ်ဖြစ်လိုက်တာနဲ့ မကောင်းတဲ့စိတ်က မရှိတော့ဘူး။ အထူးပယ်နေစရာမလိုဘူး။ မကောင်းတဲ့စိတ်ကို အရှိယူထားပြီးမှ ကောင်းတဲ့စိတ်နဲ့ လိုက်ပယ်နေရတာမျိုး မဟုတ်ဘူး။ စိတ်က တစ်ကြိမ်မှာ နှစ်စိတ်

Generated by CamScanner from intsig.com

ဖြိုင်ဖြစ်လို့ မရဘူး။ ဒါပေမဲ့ စာရေးတဲ့အခါဖြစ်ဖြစ် ပြောတဲ့အခါမှာဘဲဖြစ်ဖြစ် အကုသိုလ်ကို ကုသိုလ်နဲ့ပယ်တယ်လို့ဘဲ ရေးရ ပြောရတာပါ။

ဒါကြောင့်မို့ ကုသိုလ်လုပ်လည်း ငါလုပ်တာ၊ အကုသိုလ်လုပ်လည်း ငါလုပ်တာ၊ ငါကဘဲပယ်ရမယ်၊ ငါကဘဲရှောင်မယ်ဆိုတော့ ဒီငါဆိုတာက အသက်ကောင်၊ ဝိညာဏ်ကောင်၊ လိပ်ပြာကောင်ဆိုတဲ့ ဇီဝအတ္တအယူ ဖြစ်နေတယ်။ ကျွန်တော်တို့က ဖန်ဆင်းရှင်-ပရမအတ္တနဲ့ ဖန်ဆင်းခံ-ဇီဝအတ္တကို မသိရင် ဝိပဿနာအားထုတ်ရာမှာ (အ)တာနဲ့ အတူတူပါဘဲ။ ဖန်ဆင်းရှင်က ဇီဝအတ္တဆိုတဲ့ ဝိညာဏ်ကောင်၊ အသက်ကောင်၊ အတ္တကောင်လေးတွေကို ဖန်ဆင်းလိုက်တယ်။ အဲဒီဇီဝအတ္တလေးက တစ်ဘဝပြီး တစ်ဘဝ ကူးပြောင်းနေတယ်၊ မြဲနေတယ်၊ မပျက်ဘူး။ တစ်ချိန်မှာ အဲဒီဇီဝအတ္တ



ဆိုတဲ့ ဝိညာဏ်ကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်က ပရမအတ္တဆိုတဲ့ ဖန်ဆင်းရှင်ကြီးနဲ့ ပြန်ပေါင်းတယ်လို့ အယူရှိကြပါတယ်။

ဒီတော့ ငါဆိုတာ ဇီဝအတ္တအနေနဲ့ မြဲတယ် ခိုင်တယ် မပျက်စီးဘူးဆိုတဲ့ အတ္တသဘောနဲ့ယူထားမှန်း ကျွန်တော်တို့ကမသိဘူး။ ဘယ်လိုသိနေလဲဆိုရင် ငါဆိုတာ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ သူသိ ငါသိ သူများပါးစပ်ဖျား လမ်းဆုံးပြီး သိတဲ့အသိနဲ့ဘဲ ငါကကုသိုလ်တွေလုပ်တယ်။ ငါက အကုသိုလ်တွေကို ရှောင်ရမယ်ဆိုတာ လောက်ဘဲ သိတယ်။ ဒါကလည်း အတ္တအကြောင်းကို စာပေအရ သေသေချာချာ မသိခဲ့တာ။ ဒါကြောင့်လည်း ပရမအတ္တ၊ ဇီဝအတ္တဆိုတာတွေကို စာပေအရ မသိတော့ ကိုယ်ပြောနေတဲ့ငါဆိုတာ ဘာအဓိပ္ပါယ်နဲ့ ပြောနေမှန်းကို မသိတော့ဘူး။

Generated by CamScanner from intsig.com

ငါက အကုသိုလ်တွေ ရှောင်မယ်၊ ငါက ကုသိုလ်တွေလုပ်မယ်ဆိုတာ ရုပ်နာမ်တွေကို မြဲတဲ့ ခိုင်တဲ့သဘောနဲ့ မပျက်စီးတဲ့အနေနဲ့ ယူနေတဲ့အတ္တသဘောကို မသိဘူး။ အဲဒါတွေက အတ္တအယူပါနေတယ်။ မြတ်စွာဘုရားက စိတ်ကိုဖြူအောင်ထားဆိုတာ အဲဒီအတ္တအယူကိုပယ်ဖို့ဘဲ။

အတ္တကိုပယ်ဖို့ကျကုသိုလ် အကုသိုလ်ဆိုတာ စေတနာလို့ အရှိတရား ပရမတ်ကိုသိရတယ်။ ဒီပညတ် ပရမတ်တွေကို တွဲစပ်ပြီးသိနိုင်တာကမြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးဘဲ။ လောကမှာတော့ ကောင်းတာတွေ၊ မကောင်းတာတွေဆိုတာတော့ သိကြတာဘဲ။ ဒါပေမဲ့ စေတနာဆိုတဲ့ ပရမတ်တရားကိုတော့ ဘုရားရှင်ပွင့်မှဘဲ သိနိုင်တာပါ။ စေတနာကို ပုဂ္ဂိုလ်သတ္တဝါလွတ်အောင် အနတ္တအမြင်နဲ့ သိရတာဟာ ဘုရားရှင်



ရဲ့သဗ္ဗညုတဉာဏ်ကြောင့်သိရတာ။ ဘုရားရှင်သာ မပွင့်လို့ရှိရင် သူ့စေတနာ၊ ငါ့စေတနာအနေနဲ့ ဘဲသိတာ။ အဲဒါဆိုရင် ဘုရားရှင်ရဲ့ဉာဏ်တော်ကို မဖူးတွေ့ရသေးဘူး။ ဘုရားကို တကယ်မတွေ့သေးဘူး။ ပုံတော် ဂုဏ်တော်ကိုပြောတာ မဟုတ်ဘူး။ ဉာဏ်တော်ကို မတွေ့နိုင်သေးဘူးလို့ပြောတာ။

ငယ်ငယ်ကတည်းက ပုံတော်ကို ဖူးခဲ့ဘူးပြီ။ ကြီးလာတော့ ဂုဏ်တော်တွေ ရွတ်ဖတ်ပြီး ပုံတော်ကိုကျော်ပြီး ဂုဏ်တော်ကိုလည်း ဖူးတတ်ခဲ့ပြီ။ ဉာဏ်တော်ဖူးတတ်ဖို့ဆိုတာ အခုမှသိရတာ။ ဒီတော့ '**ပုံတော်၊ ဂုဏ်တော်၊ ဉာဏ်တော်**'ကိုပါ ဖူးနိုင်အောင် ကြိုးစားရမယ်။ ကိုယ်နဲ့ခင်မင်တဲ့သူတွေကိုလည်း ဉာဏ်တော်ဖူးနိုင်အောင် မျှဝေပေးပါ။ ဘာပြုလို့လဲဆိုတော့ အမြတ်ဆုံးဒါနမို့ပါ။ ရခဲတဲ့ အမြတ်ဆုံးဒါနကို မလုပ်တတ်ကြသေးဘူး။

Generated by CamScanner from intsig.com

ဘုရားအဆူဆူဟောခဲ့တဲ့ မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထားဆိုတဲ့ တရားက ဒီနားမှာဘဲရှိတာ။ လွယ်လွယ်ကူကူ လေးနဲ့ရှေ့စိတ်မှာ မကောင်းမှုဖြစ်တယ်။ နောက် စိတ်မှာ သတိရှိလိုက်တာနဲ့ မကောင်းမှုကိုပယ်ပြီး သားဖြစ်သွားတယ်။ အဲဒါကို စာပေက သမ္မပ္ပဓာန်လို့ ခေါ်တယ်။ ဝီရိယရောက် သွားပြီ။ သမ္မပ္ပဓာန်ဆိုတဲ့ ဝီရိယမှာ အင်္ဂါလေးပါးရှိတယ်။

၁။ ဖြစ်ပြီးသားအကုသိုလ်တွေကို ပယ်ရမယ်။ ဖြစ်ပြီးသားဆိုတာ ရှေ့စိတ်မှာ အကု သိုလ်ဖြစ်ရင်နောက်စိတ်မှာ ကုသိုလ်စိတ် ဖြစ်အောင် ဝီရိယနဲ့လုပ်ရတာ။ အဲဒီဝီရိယနဲ့ ကုသိုလ်စိတ်ဖြစ်အောင် လုပ်လိုက်တာနဲ့ ရှေ့စိတ် မှာဖြစ်ပြီးသား အကုသိုလ်ကို ပယ်နိုင်ပါတယ်။

၂။ အဲဒီလို ဝီရိယနဲ့ဖြစ်နေတဲ့ ကုသိုလ်စိတ်



ကို ဆက်တိုက်ဖြစ်နေအောင် အားထုတ်နေရင် နောက်ဖြစ်လာမဲ့ အကုသိုလ်တွေကိုလည်း ပယ်ပြီး သားဖြစ်နေတယ်။ ဒါကြောင့် မဖြစ်သေးတဲ့ အကုသိုလ်တွေကိုလည်း ပယ်နိုင်အောင် ဝီရိယ တွေကို ကြိုးစားတည်ထောင်ရမယ်။

၃။ ကိုယ်တစ်ခါမှ အားမထုတ်ဖူးသေးတဲ့ ကုသိုလ်တွေကိုလည်း အားထုတ်ရတယ်။ ဒီရှေ့ စိတ်ကို နောက်စိတ်သတိနဲ့ကပ်နိုင်တဲ့ ဝီရိယမျိုး ကုသိုလ်မျိုးကို တစ်ခါမှ မလုပ်ဖူးသေးဘူး။ ဒီလို ဝီရိယမျိုး ကုသိုလ်မျိုးကို ကြိုးစားလုပ်မယ်။ မဖြစ်ဘူး သေးတဲ့ကုသိုလ်ဆိုတာ မလှူဘူးသေးတဲ့ ဘုရား တည် ကျောင်းဆောက်တာမျိုး မဟုတ်ဘူး။ ကျွန် တော်တို့က မဖြစ်ဘူးသေးတဲ့ ကုသိုလ်ဆိုရင် ငါ ဘာလေးတော့ မလှူဖူးသေးဘူးလို့ ဒီလိုသိတာကိုး။

ရှေ့စိတ်ကို နောက်စိတ်က သတိပြုတဲ့

Generated by CamScanner from intsig.com

ကုသိုလ်မျိုး သတိ၊ ဝီရိယ၊ သမာဓိအစွမ်းနဲ့ မတည်ထောင်ဖူးဘူး။ ဒီလိုမဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေကိုဖြစ်အောင် ဝီရိယနဲ့ တည်ထောင်ရမယ်။

၄။ အဲဒီလိုတည်ထောင်တဲ့အခါမှာ ရှေ့စိတ်ကို နောက်စိတ်နဲ့ သတိပြုပြီး ဒီမဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေကို ပွားများရမယ်။ ရှေ့စိတ်ကို နောက်စိတ်က သတိပြုနိုင်အောင် ဝီရိယနဲ့ ဆက်တိုက်ပွားနေရမယ်။ မဖြစ်ဘူးသေးတဲ့ ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တွေဖြစ်လာအောင် အားထုတ်ပွားများရမယ်ဆိုတဲ့ သမ္မပ္ပဓာန်တရားလေးပါးပါဘဲ။ ဒီလိုဝီရိယမျိုးနဲ့အားထုတ်ရင် မဂ္ဂင်တရားတွေ ဖြစ်ပေါ်ပြီး မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်။

မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထားဆိုတော့ ကိုယ်လုပ်ရမည့်လုပ်ငန်းက ကုသိုလ်စိတ်ဖြစ်အောင် သတိနဲ့စောင့်ရှောက်ရတာ



ဘဲ။ သတိက စောင့်ရှောက်တတ်တဲ့ ကိစ္စရှိတယ်။ အကုသိုလ်တွေမဖြစ်အောင် စောင့်ရှောက်တယ်။ အကုသိုလ်ကို ရှောင်လို့ပြောပေမဲ့ ဘာနဲ့ရှောင်လဲ။ သတိနဲ့ဘဲ ရှောင်လို့ရတာ။ ငါနဲ့က ရှောင်လို့မှ မရတာ။ သတိရှိမှ ရှောင်လို့ရတာ။ သတိမရှိရင် အကုသိုလ်ဖြစ် မှန်းတောင် မသိဘူး။

အကုသိုလ်ကိုရှောင် ကုသိုလ်ကိုဆောင်ဆိုတာလည်း (**သတိကကုသိုလ်**)ပါဘဲ။ သတိက ကုသိုလ်ဖြစ်တဲ့အတွက် သတိရှိတာနဲ့ အကုသိုလ်ကို ပယ်ပြီးသားဘဲ။ ရှေ့စိတ်မှာဖြစ်တဲ့ အကုသိုလ်တွေကို နောက်စိတ်မှာ သတိဖြစ်လိုက်တာနဲ့ ကုသိုလ်က အကုသိုလ်ကို ပယ်ပြီးသားပါဘဲ။ ဘာလို့လဲဆိုတော့ စိတ်က တစ်ကြိမ်မှာ နှစ်စိတ်ပြိုင်မဖြစ်လို့ပါ။

ကောင်းတာလည်း စေတနာက တိုက်တွန်း

Generated by CamScanner from intsig.com

သလို မကောင်းတာတွေလည်း စေတနာက တိုက်တွန်းလို့ဖြစ်နေတာဘဲ။ အမှန်က ကုသိုလ်၊ အကုသိုလ်ဆိုတာ စေတနာပါဘဲ။ ဒါကြောင့် ဘုရား ရှင်က **'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'**လို့ ဟောကြားခဲ့တယ်။ ဒီစေတနာကို အနတ္တလို့ မြင်အောင်ကြည့်ရမယ်။ အာရုံနဲ့အကြောင်းတိုက်ဆိုင်မှ စေတနာက ပေါ်တာ။ မကောင်းတဲ့ အာရုံနဲ့ အကြောင်းတိုက်ဆိုင်ရင် လောဘစိတ်တွေ၊ ဒေါသ စိတ်တွေဖြစ်တယ်။ မကောင်းတဲ့စိတ်တွေ ဖြစ်တယ်။ ကောင်းတဲ့ အာရုံနဲ့ အကြောင်းတိုက်ဆိုင်ရင် ကောင်းတဲ့ စိတ်တွေဖြစ်တယ်။ လောကဆိုတာ **(အာရုံနဲ့ စိတ်)**ဘဲ ရှိတယ်လို့ နောက်စိတ်မှာ သတိရှိလာရင် ဉာဏ်နဲ့မြင်တတ်လာမှာပါ။

ဒီတော့ စေတနာကလည်း အာရုံက ကျေးဇူးပြုမှပေါ်တယ်။ မြတ်စွာဘုရားကို ဆွမ်းတော်ကပ်



ရေတော်တွေကပ်၊ ပန်းတွေကပ်၊ ဆီမီးတွေထွန်းဘုရားကိုလည်းရှိခိုးတာတွေက စေတနာတွေပါဘဲ။ ရှေ့စိတ်မှာဖြစ်တဲ့ စေတနာတွေ။ အဲဒါတွေက ကံ ကုသိုလ်တွေဘဲ။

ဒါပေမဲ့ ရှေ့စိတ်မှာဖြစ်တဲ့ ကုသိုလ်ကံကို နောက်စိတ်က ငါ့ကုသိုလ်လို့ ကိလေသာနဲ့သွားစွဲလို့ စိတ်ကမဖြူတော့တာ။ ကံကုသိုလ်က စေတနာကြောင့်ဖြစ်တယ်။ ဟောဒီဓမ္မာရုံထဲဝင်လာရင် မြတ်စွာဘုရားပုံတော်ကို အာရုံပြုမှ လက်အုပ်ချီဖို့ စေတနာက တိုက်တွန်းတာပါ။ အာရုံကကျေးဇူးမပြုသေးရင် ဒီစေတနာကမပေါ်သေးဘူး။ စေတနာလည်း အာရုံကကျေးဇူးပြုမှ ပေါ်တာ။ ကိုယ့်ထဲမှာ အမြဲရှိနေတာမဟုတ်ဘူး။ ဒီစေတနာကလည်း ပေါ်ပြီး ချုပ်ပါတယ်။ အဲဒါကို နောက်စိတ်က သတိပြုမိရင် နောက်စိတ်မှာ ဉာဏ်ကုသိုလ် ဖြစ်

Generated by CamScanner from intsig.com

လာတယ်။ ရှေ့စိတ်က ကံကုသိုလ်၊ နောက်စိတ်မှာ ဉာဏ်ကုသိုလ်ဖြစ်သွားပြီ။ **'ဉာဏ်ကုသိုလ်ဖြစ်ရင် ကံကုသိုလ်ကို စွန့်နိုင်ပါတယ်'**။

ကံကို ဉာဏ်နဲ့စွန့်နိုင်တဲ့အတွက် ကံက အကျိုးမပေးနိုင်တော့ဘူး။ ကံကုသိုလ်က သံသရာကောင်းကျိုးကိုပေးမယ်။ အို-နာ-သေတော့ မလွတ်နိုင်ဘူး။ ဉာဏ်ကုသိုလ်က သံသရာလွတ်တဲ့နိဗ္ဗာန်ကို ရောက်အောင် ပို့နိုင်ပါတယ်။ ဒီဉာဏ်ကုသိုလ်က ဗောဓိဉာဏ် မဂ်ဉာဏ်ကို အထောက် အပံ့ပြုပြီး နိဗ္ဗာန်အထိရောက်အောင် ကျေးဇူးပြုနိုင်ပါတယ်။

ဒီတော့ အခုထပ်ပြောချင်တာက ဉာဏ်ကုသိုလ်ဖြစ်တာနဲ့ ကံကုသိုလ်ကို စွန့်ပြီးသားဖြစ်သွားပြီ။ စကားလုံးက မတူတော့ဘူး။ ကံကိုဉာဏ်ဆင့်တာ မဟုတ်ဘူး။ ကံကို ဉာဏ်ကစွန့်နိုင်သွားပြီ။ ကံကို ဉာဏ်က အနိစ္စမြင်သွားပြီ။ ရှေ့စိတ် ကံ



ကုသိုလ်ချုပ်တာနဲ့ နောက်စိတ် ဉာဏ်ကုသိုလ်က အစားထိုးလိုက်တဲ့အတွက် ကံကုသိုလ်ကို စွန့်ပြီးသားဖြစ်သွားတယ်။

မြတ်စွာဘုရားရဲ့ ဓမ္မစကြာဒေသနာမှာ စာဂေါ-စွန့်တယ်၊ ပဋိနိဿဂေါ-တဖန်ထပ်၍ စွန့်တယ်။ ဒီကံကုသိုလ်ကို ငါ့ဥစ္စာလို့ သိမ်းပိုက်တတ်တဲ့တဏှာကို စွန့်လိုက်တာ။ ဒီကံက အကျိုးပေးလို့ရှိရင် နောက်ဘဝ နောက်ခန္ဓာကိုဘဲ အကျိုးပေးမှာ။ နောက်စိတ်မှာ ဉာဏ်မဖြစ်ရင် နောက်စိတ်မှာ တဏှာက ရှေ့စိတ်က ကံကုသိုလ်တွေကို ငါ့ဟာ ငါ့ဥစ္စာအနေနဲ့ စွဲယူသိမ်းပိုက်တဲ့အတွက် ကံကို နောက်စိတ် တဏှာက မစွန့်နိုင်တော့ဘူး။

အနုသယကိလေသာရဲ့သဘောက အလွန်သိမ်မွေ့တယ်။ သိမ်မွေ့လွန်းတော့ တဏှာနဲ့ စွဲယူလိုက်တာကို မသိနိုင်ဘူး။ စိတ်မှာ မထင်ရှားဘူး။

Generated by CamScanner from intsig.com

ရှေ့စိတ်က ကံကုသိုလ်ကို နောက်စိတ်က သတိလည်းပြုမိရော ဉာဏ်ကုသိုလ် ဖြစ်လာတယ်။ သတိကြောင့် ဉာဏ်ကုသိုလ်ဖြစ်လာတယ်။ ဒီဉာဏ်ကုသိုလ် ဖြစ်လိုက်တာနဲ့ ကံကုသိုလ်ကို စွန့်ပြီးသားဖြစ်သွားတယ်။ **ကံကို ဉာဏ်နဲ့စွန့်နိုင်တယ်။**

မြတ်စွာဘုရားက **'ကံနဲ့ကံ၏အကျိုး'**ကို ဟောတယ်။ ကံကအကြောင်း၊ ကံ၏အကျိုးက နာမ်ရုပ်တွေဘဲ။ ဒါကြောင့် နာမ်ရုပ်တွေက တစ်ဘဝပြီးတစ်ဘဝ ကြောင်းကျိုးဆက်နေလို့ သံသရာလည်နေတာက မဆုံးနိုင်တော့ဘူး။ ကံဆိုတဲ့ အကြောင်းချုပ်ရင် ကံရဲ့အကျိုး နာမ်ရုပ်တွေလည်း ချုပ်တယ်။ **'အကြောင်းချုပ်လို့ အကျိုးချုပ်'**တာ။ **နာမ်ရုပ်ချုပ်ရင် နိဗ္ဗာန်အစားထိုးတယ်။** ဒါဆိုရင် သံသရာ ဝဋ်ဆင်းရဲချုပ်တဲ့ နိဗ္ဗာန်ရောက်တာဘဲ။

ဒီတော့ နိဗ္ဗာန်ရောက်တယ်ဆိုတာ ရုပ်နာမ်



(ငါ)နဲ့ နိဗ္ဗာန်ရောက်ချင်လို့တော့မရဘူး။ အများထင်နေကြတာက ငါကိုယ်တိုင် နိဗ္ဗာန်ကို ဘုံတစ်ခုလိုရောက်ပြီး ချမ်းသာတွေကို ကိုယ်တိုင်ခံစား စံစားချင်နေတာ။ အဲဒီလိုတော့ မဟုတ်ဘူး။

ရှေ့စိတ်မှာ ကံကုသိုလ်ဖြစ်ပြီး နောက်စိတ်က ဉာဏ်ကုသိုလ်လိုက်နိုင်ရင် ဒီဉာဏ်က ကံကိုစွန့်နိုင်တယ်။ ကံပေါ်ဉာဏ်ဆင့်တာ မဟုတ်တော့ဘူး။ ကံကုသိုလ်ကို ဉာဏ်ကုသိုလ်နဲ့ စွန့်လိုက်တာ။ ကံကိုစွန့်လိုက်တာနဲ့ ဒီကံအကျိုးပေးခွင့်မရတော့ဘူး။ ကံအကျိုးပေးခွင့် ဘာကြောင့်ရလဲဆိုရင် တဏှာရှိနေလို့ ကံက အကျိုးပေးခွင့်ရနေတာ။ ရှေ့စိတ်မှာဖြစ်ပေါ်သွားတဲ့ ကံကုသိုလ်ကို နောက်စိတ်မှာရှိတဲ့ တဏှာက ငါ့ဥစ္စာအနေနဲ့ စွဲယူသိမ်းပိုက်လိုက်တဲ့အတွက် ဒီကံကိုမစွန့်နိုင်တာ။ တဏှာက မစွန့်နိုင်တဲ့အတွက် ဒီကံက အကျိုးပေးခွင့်

ရနေတာ။ ကံတွေ အကျိုးပေးခွင့်ရနေတဲ့အတွက် နောက်ဘဝ နောက်ခန္ဓာတွေ ဖြစ်ရပြန်တယ်။

အခုဒီကံကုသိုလ်ရဲ့နောက်မှာ ဉာဏ်ကုသိုလ်ဝင်လိုက်တဲ့အတွက် ဒီကံကိုသိမ်းပိုက်တဲ့ **'တဏှာဖြစ်ခွင့်'** မရတော့ဘူး။ **(ဉာဏ်က တဏှာကို ပယ်လိုက်တယ်။)** ဉာဏ်က တဏှာလည်းပယ်လိုက်ရော ဒီကံက အကျိုးပေးခွင့် မရတော့ဘူး။ ကံကြောင့် ရုပ်နာမ်တွေဖြစ်နေတာ။ ကံလည်းချုပ်ရော ရုပ်နာမ်လည်းချုပ်တယ်။ ရုပ်နာမ်ချုပ်ရင် နိဗ္ဗာန်အစားထိုးတယ်။ သဘာဝကြီးမှာ ရုပ်နာမ်ချုပ်ရင် နိဗ္ဗာန်အစားထိုးတယ်ဆိုတာလည်း သိထားအုံးမှ။ သဘာဝတရားအားလုံးဟာ အစားထိုးနေတာဘဲ။ ပြတ်တယ်၊ စဲတယ်လည်းမရှိဘူး။ ခိုင်တယ် မြဲတယ်လည်း မရှိဘူး။ ဖြစ်သမျှ ပျက်နေတာ၊ တစ်ခုပြီး တစ်ခု အစားထိုးနေလို့ ပျက်တယ်လို့ မထင်ရတာ။



ရှေ့စိတ် ကံကုသိုလ်ချုပ်သွားပြီး နောက်စိတ် ဉာဏ်ကုသိုလ်လည်း ဖြစ်လိုက်ရော ကံကုသိုလ်ကိုသိမ်းပိုက်တဲ့ တဏှာစွန့်လိုက်တယ်။ ကံကို သိမ်းပိုက်တဲ့ တဏှာစွန့်မှတော့ ကံအကျိုးဖြစ်တဲ့ နာမ်ရုပ်တွေလည်း မဖြစ်တော့ဘူး။ **(နာမ်ရုပ်မရှိရင် ဘာမှမရှိတာမဟုတ်ဘူး။ နိဗ္ဗာန်အစားထိုးတယ်။)**

လောကဆိုတာ ရုပ်တွေနာမ်တွေ တစ်ခုပြီး တစ်ခု အစားထိုးနေတာ။ ရုပ်နာမ်ချုပ်ရင်လည်း နိဗ္ဗာန်အစားထိုးတယ်။ ပြတ်တယ်၊ စဲတယ်လည်းမရှိဘူး။ ခိုင်တယ်၊ မြဲတယ်လည်း မရှိဘူး။ ဒီတော့ အတ္တဒိဋ္ဌိလည်းပြုတ်ပြီပေါ့။ ဒီလိုသိသွားရင် ဝိပဿနာဉာဏ်နဲ့ တဒင်ပြုတ်တယ်။ ဉာဏ်ရင့်လာရင် မဂ်ဉာဏ်နဲ့ အပြီးပြုတ်ပါတယ်။

ရှေ့စိတ်မှာဖြစ်တဲ့ ဒီကံကုသိုလ် စေတနာကို

Generated by CamScanner from intsig.com

နောက်စိတ်က သတိပြုမိရင် ဉာဏ်ကုသိုလ်ဖြစ်ပါတယ်။ ဉာဏ်ကုသိုလ်ဖြစ်ရင် ကံကုသိုလ်ကို စွန့်ပါတယ်။ ဒီတစ်လုံးဟာ အရေးကြီးပါတယ်။ **(ကံကို ဉာဏ်က စွန့်တယ်။)**

ရုပ်နာမ်အစဉ်မှာ တဏှာဆိုတဲ့ အကိန်းဓာတ်သဘော၊ အတ္တဆိုတဲ့ အနုသယ ဓာတ်သဘောတွေက အရဟတ္တမဂ်နဲ့ မပယ်ရသေးသမျှ ဥပါဒ်-ဌီ-ဘင် အနေနဲ့မဖြစ်ပေါ်ဘဲ ငုတ်နေတဲ့သဘာဝက သိမ်မွေ့လွန်းတယ်။ သာမန်အားဖြင့် မသိနိုင်ဘူး။ သဗ္ဗညုတဉာဏ်တော်နဲ့ ဘုရားရှင်မို့သိနိုင်တာပါ။

အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကိုဆောင်၊ စိတ်ကိုဖြူအောင်ထားလို့ ဘုရားရှင် အဆူဆူ ဟောကြားဆုံးမတော်မူခဲ့ပေမဲ့လည်း ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ စေတနာပရမတ်ကို ဘုရားရှင်ပွင့်တော်မူမှ ရှေ့စိတ်ကို နောက်စိတ်ကပ်ပြီး သတိ



နဲ့ ပိုင်းခြားသိနိုင်တာပါ။ စိတ်ကိုဖြူအောင်ထားဆိုတာကလည်း ကိလေသာစင်ကြယ်တဲ့စိတ်ကို မဂ်ဉာဏ်နဲ့ဘဲ ဖြူအောင်လုပ်နိုင်တာလို့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့သာ သိနိုင်တဲ့အရာတွေပါဘဲ။

အခုလို ရှေ့စိတ် နောက်စိတ်တွေကို ပိုင်းခြားသိသွားတော့ ကံကုသိုလ်ဖြစ်တဲ့ရှေ့စိတ်ကို နောက်စိတ်က သတိပြုဆင်ခြင်နိုင်ရင် နောက်စိတ်မှာ ဉာဏ်ကုသိုလ်ဖြစ်ပါတယ်။ ဉာဏ်ကုသိုလ်က ကံကုသိုလ်ကို စွန့်နိုင်ပါတယ်။ အဲဒီဉာဏ်ကုသိုလ်က **'ဗောဓိ ဉာဏသ ပစ္စယော ဟောတု'**ဆိုတဲ့ ဗောဓိဉာဏ် (မဂ်ဉာဏ်တွေ)ကို အထောက်အပံ့ ကောင်းတွေဖြစ်အောင် ကျေးဇူးပြုပါတယ်။

အခုကျန်တဲ့အချိန်မှာ ဝင်လေထွက်လေမှာ သတိ၊ ဝိရိယ၊ သမာဓိတွေ တည်ထောင်ကြမယ်။

Generated by CamScanner from intsig.com

(၂၈.၁၁.၂၀၁၄ နှင့် ၆.၂.၂၀၁၅)နေ့များမှာ တကောင်းကျောင်းတိုက်၌ ပြောကြားခဲ့သော ဒေါက်တာစိုးလွင် (မန္တလေး) ၏ နံနက်ခင်း ဓမ္မကောက်နုတ်ချက် ဖြစ်ပါသည်။

***************************

Generated by CamScanner from intsig.com